**Tenancy Services**

# စုပေါင်းအိမ်ယာတွင် နေထိုင်ပါသလား ?

## သင့်အခွင့်အရေးများကို သိရှိပါ!

ကျွန်ုပ်တို့ဝဘ်ဆိုက်တွင် လေ့လာပါ-
www.tenancy.govt.nz/tenants-boarding-houses

သို့မဟုတ် 0800 TENANCY (0800 836 262)
သို့ ခေါ်ဆိုပါ

MINISTRY OF BUSINESS,
INNOVATION & EMPLOYMENT
HĪKINA WHAKATUTUKI

# စုပေါင်းအိမ်ယာဆိုသည်မှာ အဘယ်နည်း ?

› အိမ်ခန်းတစ်ခန်း သို့မဟုတ် ထို့ထက်ပိုပါဝင်သော အိမ်ယာအဆောက်အဦးဖြစ်ပြီး
› ငှားရမ်းနေထိုင်သူတို့ မျှဝေသုံးစွဲရန် အသုံးအဆောင်နေရာထိုင်ခင်းများ ပါရှိပါသည်။ ထို့အပြင်
› အချိန်တိုင်းမှာ အနည်းဆုံး အိမ်ခန်းငှား ၆ ယောက် ငှားရမ်းနေထိုင်ပါသည်။



# စုပေါင်းအိမ်ယာ ငှားရမ်းနေထိုင်ခွင့်ဆိုသည်မှာ အဘယ်နည်း ?

စုပေါင်းအိမ်ယာတစ်ခုတွင် တစ်ကြိမ်လျှင် အနည်းဆုံး ၂၈ ရက် ငှားရမ်းနေထိုင်ခွင့်ရှိပြီး ငှားရမ်းနေထိုင်သူများသည်-

› သူတို့၏ အိပ်ခန်းများတွင် နေထိုင်ခွင့်ရှိပါသည်

› အခြားသော အသုံးအဆောင်နေရာထိုင်ခင်းများကို မျှဝေသုံးစွဲရပါသည်။

# စုပေါင်းအိမ်ယာ၏ အိမ်ပိုင်ရှင်သည်-

› အိမ်ခန်းငှားရမ်းမှု မပြုမီတွင် အခန်းကို ကောင်းမွန်စွာ သန့်ရှင်းထားရပါမည်။

› မျှဝေသုံးစွဲရသော အသုံးအဆောင်နေရာထိုင်ခင်းများကို အစဉ်အမြဲ ကောင်းမွန်စွာ သန့်ရှင်းထားရပါမည်။

› အိမ်ယာကို ထိန်းသိမ်းစောင့်ရှောက်ပြီး လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ရပါသည်။

› ငှားရမ်းခတိုးတောင်းလိုပါက အနည်းဆုံး ၂၈ ရက် ကြိုတင်ပြီး သင့်ကို စာဖြင့် အကြောင်းကြားရပါသည်။

› သင်၏နေအိမ်ခန်းအတွင်းသို့ ဝင်ရောက်ရန်လိုပါက ဥပဒေနှင့်ညီသော အသိပေးချက်ပေးရမည်။

› မီးခိုးအချက်ပြစနစ်နှင့်ဆိုင်သော လိုအပ်ချက်များအားလုံးကို လိုက်နာဖြည့်ဆည်းပေးရပါသည်။

› အဆောက်အဦး ကြံ့ခိုင်ရေးနှင့် ဘေးကင်းရေး လိုအပ်ချက်များအားလုံးကို လိုက်နာဖြည့်ဆည်းပေးရပါသည်။

မှတ်ချက်- ၂၈ ရက်ထက် လျော့နည်းပြီး ငှားရမ်းနေထိုင်သူတို့အတွက် ၁၉၈၆ ငှားရမ်းနေထိုင်သူများအက်ဥပဒေသည် အကျုံးမဝင်ပါ။ သို့သော် အဆိုပါအခြေအနေများတွင် လူမှုရေးဆိုင်ရာ ဥပဒေစင်တာများနှင့် ပြည်သူ့အကြံပေးရုံးများမှ အကြံပြုချက် ရယူနိုင်ပါသည်။

# စုပေါင်းအိမ်ယာတွင် ငှားရမ်းနေထိုင်သူတို့သိရှိရန် ၁၁ ချက်

၁. သင့်အခွင့်အရေးများ၊ တာဝန်များနှင့် ကျွန်ုပ်တို့ကို မည်သို့ဆက်သွယ်ရမည်ကို သိရှိပါ (လက်ကမ်းစာရွက်ကို ကြည့်ပါ)။

၂. စာဖြင့်ရေးသားထားသော အိမ်ခန်းငှား သဘောတူစာချုပ်ကို ရယူပါ။

၃. အိမ်ယာစည်းကမ်းများကို လိုက်နာပါ။

၄. ငှားရမ်းခ သို့မဟုတ် စာချုပ်အတွက် ငွေပေးချေသည့်အခါတိုင်း ငွေလက်ခံဖြတ်ပိုင်းကို ရယူပါ။

၅. ငှားရမ်းခကို အချိန်မှန်မှန် ပေးချေပါ။

၆. တစ်စုံတစ်ခုကို ပြင်ဆင်ရန်လိုပါက အိမ်ပိုင်ရှင်ကို ပြောပြပါ။

၇. အိမ်ပိုင်ရှင်သည် အရေးကြီးသောခြေအနေ များတွင်သာ သင့်အခန်းတွင်းသို့ ဝင်ရောက်နိုင်ပါသည်။

၈. သင်ပြောင်းရွှေ့လိုပါက အိမ်ရှင်အား ၄၈ နာရီ ကြိုတင်အသိပေးပါ။

၉. သင့်ကိုပြောင်းရွှေ့ရန်ပြောသောအခါ အိမ်ရှင်မှ မှန်ကန်သော သတိပေးချက်ကို သေချာရရှိပါစေ။

၁၀. များသောအားဖြင့် အိမ်ရှင်က အိမ်ခန်းငှားခြင်းကို ၂၈ ရက် ကြိုတင်အသိပေးပြီးရပ်ဆိုင်းတတ်ပါသည်။

၁၁. အခြားနေထိုင်သူတို့၏ ငြိမ်းချမ်းမှု၊ သက်တောင့်သက်သာရှိမှု သို့မဟုတ် ကိုယ်ရေးကိုယ်တာတို့ကို နှောင့်ယှက်ခြင်း မပြုပါနှင့်။